


# ငှက်ဆိတ်တဲ့သစ်စည်း

## မောင်ချောနွယ်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

အမေရယ် . . .
အလုပ်ဂုဏ်ကို ချစ်မြတ်နိုးတဲ့
မြို့သူမြို့သား နိုင်ငံသားတွေ
အထူးလိုအပ်လှပါတယ်။
လဝန်းပြာပြာ နှင်းဆွတ်ဆောင်းရာသီ
ပင်လယ်ပြာအေး မင်းကြီးတောင်ပေါ်က
အိမ်အအိုအမင်းကြီးရယ်
မေမေရယ် ဖေဖေရယ် ညီမလေးမမမြင့်ရယ်
သမီးလေးများနဲ့ နွေကိုကိုက်ချီလာသူ ငှက်ဥသြရယ်
တေးသစ်သံတွေရယ်
ကျွန်တော့်ရဲ့ မြင်ကွင်းကျယ်စီနီမာစကုတ်ထဲမှာပေါ့ . . .

# ငှက်ဆိတ်တဲ့သစ်စည်း

## မောင်ချောနွယ်

MCN0001
1,500.00 KS

mgyoe.com

mgyoe.com

# ငှက်ဆိပ်တဲ့သစ်စည်း

မောင်ချောနွယ်

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၂၀ ၀၆၃ ၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၂၀ ၁၃၇ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးနှင့်အတွင်း | - | ငှအိမ်ထက်မြက် |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အောဇက် |
| စာအုပ်ချုပ် | - | သစ္စာ |

၈၀၈

ချောနွယ်၊ မောင်
ငှက်ဆိတ်တဲ့သစ်စည်း /
မောင်ချောနွယ် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၇၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) ငှက်ဆိတ်တဲ့သစ်စည်း

၂၀၁၂၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ · ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


◆ ဒေါင့်ချိုးများ (အမှာစာ) ၁

၁။ ဂီတ ၃

၂။ ငါး ၅

၃။ ရုပ်ရှင် ၆

၄။ အိမ် ၇

၅။ ဖြူး ၈

၆။ ငါနေကောင်းသွားပြီ ပန်းကလေးရေ ၉

၇။ ပေ့ါပါးသောလက်များနဲ့
ရွှေတံခါးကြီးဖွင့်ကြမယ်ကွယ် ၁၀

၈။ ကိုက်လမ်း ၁၃

၉။ သင်္ကြံသုခ ၁၄

၁၀။ ရေထဲမြို့ ၁၅

၁၁။ ငှက်ဆိတ်တဲ့ သစ်စည်း ၁၇

၁၂။ ရောနဲ့ ဖယား ၁၉

၁၃။ ပန်းချီ ၂၁

၁၄။ မမတင်ရဲ့ ကျောင်းကလေး ၂၂

၁၅။ ညနေခင်းကဗျာ ၂၅

၁၆။ ဆင္ဘမန်ရိုး ၂၇

၁၇။ တောအရက်ဆိုင်ဟန် ဆောင်နေသော
ဓိးပင်ကလေး ၂၉


mgyoe.com

mgyoe.com

၁၈။ ချန်ပီယံ ဒါပေမဲ့ ချန်ပီယံ ၃၃
၁၉။ ကြေကွဲမှုအရောင် ၃၅
၂၀။ သက် ၅၂–သားကြီးရဲ့
တောင်ကုန်းအမှတ် ၂၀၀၁ တိုက်ပွဲ ၃၇
၂၁။ အချိန်မှားမျဉ်း ၄၁
၂၂။ ဒိုင်ယာလော့ ၂၀၀၀ ၄၃
၂၃။ ယာကွပ်ကလေး ၄၅
၂၄။ ဘယ်သူက
ငါ့စီးကရက်ကို လုသောက်ခဲ့သလဲ ၅၀
၂၅။ မစ္စတာချာလီ
ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ ၅၃
၂၆။ စိတ်အန်ဖတ် ၅၇
၂၇။ အရိပ်ခြွေသစ်ပင် ၅၉
၂၈။ မတော်တဆနေ့ရက်တစ်ခုရဲ့
အောင်မြင်မှုအကြောင်း ၆၁
၂၉။ ဂျုံးနီ ၆၅
၃၀။ မြစ်နဲ့ မြင်းကလေး ၆၈
၃၁။ စိတ်နာရီ ၇၀
၃၂။ ပင်လယ်လေ ရှူသူ ၇၃

❑

mgyoe.com

mgyoe.com

# ဒေါင့်ချိုးများ
(အမှာစာ)

ဒုက္ခဆိုတာ ဒိုင်ယာရီစာအုပ်တစ်အုပ်ပဲ
သုခဆိုတာ အတိုအစတွေရတဲ့ **Snack** ဘားလေးတစ်ခုပဲ
ချစ်သူဆိုတာ လေညင်းသာသာမှာ
လွင့်ပါးသူ ပုဝါစကလေးပဲ
ပျော်ရွှင်ခြင်းဆိုတာ ခုန်ပေါက်စားခြင်းတစ်မျိုးပဲ
ဘဝဆိုတာ ဓါးချက်တွေမွှန်းထားတဲ့ အရှင်လတ်လတ်ငါးပဲ
ယုံကြည်ချက်ဆိုတာ မြစ်လိုမဖြာ
သစ်ပင်လို သီးပွင့်ခြင်းပဲ
ခံစားချက်ဆိုတာ ရေတံခွန်နဲ့ စက္ကူစွန်ပဲ
လောကကြီးကတော့ ခရီးသည်ကြီးပါပဲ
တိမ်တွေကို ကျောပိုးအိတ်လိုလွယ်လို့
သစ်တောနဲ့ တောင်တန်းတွေဝတ်ဆင်
အိမ်ရာပြုလို့
သေခြင်းတရားဆိုတာ သောက်ဖော်စားဖက်ပါပဲ။

❑

mgyoe.com

mgyoe.com

mgyoe.com


mgyoe.com

# ဂီတ

လမ်းဘေးမှာ အေးအေးဆေးဆေး အိပ်နေတဲ့ခွေး
ရှတ်တရက်ကြီး ကားဖြတ်နင်းခံရ
ခြေထောက်နှစ်ချောင်း သွင်သွင်ကျိုး
နာလွန်းလို့ ခများမှာ
ဘယ်လို အော်ရမှန်းမသိ
သူ့အသက်ရှူ ရေငင်ပုံးကလေး
ရေတွင်းနက်နက်ကြီးထဲ
ငင်ငင်နေတာ မြင်ရ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ငါး

တစ်ဘဝလုံးလုံးလိုလို
ငါးရယ်လို့ တစ်ကောင်တစ်လေမှ မမိ
ကြည့်
မိမယ့်မိတော့ စကြဝဠာကြီး
အပေါ်ဆွဲတင်လိုက်တော့
ငါ့ငါးမျှားတံဟာ ကိုင်းညွတ်ပြီး
သက်တန့်ဖြစ်သွား
ငါ့ကို ပြန်မျှားခဲ့ပေါ့။

mgyoe.com

mgyoe.com

## ရုပ်ရှင်

အသည်းနှလုံးထဲကို အလည်ထွက်လိုက်မိတော့
ကိုယ့်အိမ်မှာ
ကိုယ်နေစရာမရှိတာကြုံရ
သချိုင်းကုန်းကို ခေါင်းအုံးအိပ်တဲ့ညက
ညကိုမုန်းတယ်လို့ စကားဆို
နှုတ်ဆက်ပြီး
ညဟာ ညက
နိုက်ကလပ်ကို ထွက်သွားပြီ။

ရုပ်ရှင်တေးကဗျာ

mgyoe.com

mgyoe.com

# အိမ်

ပလတ်စတစ်အကြည်သားပေါ်
တိမ်တွေ ရေးဆွဲချလိုက်ပြီး
တိမ်အိမ်လေး ဆောက်ခါဝင်လိုက်မိ
ဘယ်လိုမှ ပြန်ထွက်မရတော့ဘူး။

၁၉၉၆၊ ဖေဖော်ဝါရီလ၊ စာပေဂျာနယ်

mgyoe.com

mgyoe.com

# ဖြူး

ပဋိသန္ဓေတားဆေး စားပြီး ဝဖိးသူမိန်းမလို
အဝေးပြေးကားကြီးတွေ
ချစ်မှုတစ်ခုခုဆီ စုန်စုန်သွားကြ
ကုန်စည်အသစ်အသစ်တွေဆီ ဆန်ဆန်သွားကြ
ထွေးပွေ့လိုက်စမ်းပါ . . .
ထွေးပွေ့လိုက်စမ်းပါ ဆိုဆိုပြီး
ရထား . . .
ဝင်ချလာ
မြို့တွေကို ဖြူးချလိုက်ပါပေါ့
ဖြူး . . .။

မြားနတ်မောင်မဂ္ဂဇင်း၊ ၁၉၉၀ ခု၊
ဖြူးမြို့၊

mgyoe.com

mgyoe.com

# ငါနေကောင်းသွားပြီ ပန်းကလေးရေ

မြောက်ပြန်လေ တသွင်သွင်မှာ
သဇင်ရနံ့တွေ တသင်းတသင်းနဲ့
ဟေမန္တရာသီဟာ ကမ္ဘာမြေကို ဆိုက်ကပ်လို့
ငါ အရဏ်သောက်လို့ လွတ်မြောက်ခဲ့ပြီ
စစ်ပြေးဒုက္ခသည်လိုလဲ ထမင်းမစားနိုင်ပါ
ခါးကို ဖွင့်ထားမည်
ခွေးခြေပုပုပေါ်မှာ ဘဝကို မတည်ဆောက်လိုပါ
သုတိသာယာသံနဲ့ နံနက်ခင်းငှက်ကလေးတွေ
ငါ့ကိုကြိုလင့်ပြီ
ရောင်နီသည် ရွှန်းလက်တောက်ပစွာဖြင့်
ငါရဲ့မေတ္တာပြည့်ငသာရင်အုံကို ခိုလှုံခဲ့ချေပြီ
ငါ့တန်ခိုးအနုပညာ အနုပညာမှော်သစ်တို့ထံတွင်
ပျော်ရွှင်ကြည်နူးကြကုန်ပြီ
ငါ၏အကြင်နာထံပါးတွင် ပန်းတို့အစွမ်းကုန်ပွင့်ခဲ့ကြပြီ
ငန်းတို့ပျော်ရာ ရေကန်သာသည် ငါ့ထံတွင် တည်ချေပြီ။

၂၈-နိုဝင်ဘာနံနက် ၆ နာရီ၊ ပထမမြို့တော်

mgyoe.com

mgyoe.com

# ပေါ့ပါးသောလက်များနဲ့
# ရွှေတံခါးကြီး ဖွင့်ကြမယ်ကွယ်

ဇတ်မင်းသားလေးလဲ ငါ့အပါးမှာ ဆေးဝါးကုသပေးတဲ့
ဒေါက်တာချိုအေးဟန်ကို လိုက်လှဲ့စွာကျေးဇူးတင်
ဟိုးအဝေးက ဆရာဝန်တွန့်ခေါက်တောင်တန်းလေးရယ်
မင်းကို ငါချစ်လွမ်း တန်ဖိုးထားမြဲပါပဲကွယ်
ကြာနီကန်နဲ့ ဖျိုင်းအဖြူလေးတွေ ဝိုင်းရံထားတဲ့
တောသုသာန်လေးက ညီမငယ်ဆရာဝန်မလေးခင်စန်းဝင်းရယ်
မင်းမှာ သန္တိသုခတွေရလို့ပါကွယ် တို့တွေ ကြည်လင်ချမ်းမြေ့စွာ
နေထိုင်ခဲ့ကြတာတွေ ကမ္ဘာထဲမှာ တည်ရှိမြဲပါကွယ်
ဂျာမန်တောရပ်ပိုင်းနဲ့တူတဲ့ ဆတ်သွားဘူတာရုံလေးရယ်
သစ်ညိုလုံးထွားထွားကြီးတွေရယ်
တောပန်းဝါဝါလေးတွေရယ် သတိရမြဲပါပဲကွယ်။
ပထမမြို့တော် ရန်ကုန်က ၁၇၉ မိုင်ဝေးတဲ့အရပ်မှာ တည်ရှိတဲ့
မြို့ကလေး နှစ်ထပ်သဘော် ရှုရီခေတ္တရာ
မြို့ကလေးရယ် စီးမြဲမြစ်မင်း ဧရာဝတီရယ်
အနောက်ဖက်က အဘိဓမ္မာဆရာ တောင်တန်းတွေရယ်
ချောင်းပေါက်စကလေးတွေက ချောင်းကြည့်နေတဲ့
ရေထဲမြို့ကလေးက ချစ်သော ညီငယ်လေးများရယ်
သော်ကဘုရားကြီးရယ် ကြည်ညိုသတိရလှပါတယ်

mgyoe.com

mgyoe.com

ငဝန်မြစ်ဘေးက ပိတောက်ချောင်းရွာကလေးရယ်
ရွှေမုဌ္ဌောဘုရားကြီးရယ်
ဟိုအဝေး ရေဦးရေဖျားမြို့ကလေးက
ပန်းချီဆရာလေး ဝေချစ်ကိုရယ် သတိရမြဲပါကွယ်
အနီးက ချစ်သော ကဗျာဆရာ မောင်ပြည့်မင်းရယ်
သီချင်းရေးဆရာ မောင်သစ်မင်းရယ်
တေးရေးဆရာ ဝင်းမင်းထွေးရယ်
ပန်းချီအနုပညာကျောင်းက ညီငယ်ကိုလွှမ်းဖြူရယ်
ငါ့နှလုံး ရက်ဆီဗာမှာ တည်ရှိမြဲပါကွယ်
ငါတို့တစ်တွေ ကြည်လင်သန့်ရှင်းတဲ့ အသံသစ်တွေနဲ့
နေထိုင်ခဲ့ကြတယ်
အသစ်အသစ်သော အနုပညာသစ်တွေနဲ့
တို့ရဲ့ခရီးကို ထမ်းပိုးရင်း
ကဗျာဆရာ ငါးဆယ့်နှစ်နှစ်သားကြီးက
စာသဝဏ် ပါးလိုက်ပါရဲ့ကွယ်
ပေါ့ပါးသောလက်များနဲ့ ရွှေတံခါးကြီး ဖွင့်ကြပါစို့ကွယ်...။

မဇ္ဈိမဟာသီမဂ္ဂဇင်း။
နိုဝင်ဘာ ၃၀ ရက်၊ နံနက် ၇ နာရီ
ပထမမြို့တော်၊ မြန်မာပြည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ကိုက်လမ်း

ငါဟာ
ကမ္ဘာကြီးကို နားစွင့်ထားသူ ယုန်ကလေးပါ
နေ့စဉ် နေ့စဉ်
ငါ့ဝပ်ကျင်းကလေးကနေ ငါ အစာရှာထွက်တိုင်း
သစ်ပင်မြက်ပင်ငယ်လေးတွေ ကိုက်ကိုက်ပြီး
ငါထွက်လာခဲ့မြ
ခု...
လူနဲ့ခွေးများ တောခြောက်ကြ
အပြေးအမြန် ငါ့ကိုက်လမ်းလေးအတိုင်း ပြန်လာခဲ့ရာ
ပိုက်ထဲ...
ငါ့သစ္စာတရားဟာ ငါ့အသက်ကိုယူသွားကြပေါ့။

**မြားနတ်မောင်မဥ္စရင်း**

mgyoe.com

# သန္တိသုခ

နှင်းဝေဝေမနက်
ဆွတ်ပျံ့ဖွယ် ဥဩသံသာ
နေ့ကို လုခဲ့ရှာ။ ။

mgyoe.com

mgyoe.com

# ရေထဲမြို့

ဟောဒီမှာ မြို့လေးတစ်မြို့လေ...
ကဗျာဆရာမာလာမေ မြင်မသွားခဲ့ဖူးတဲ့ မြို့
မြို့လေးတစ်မြို့လေ...

သူ့လယ်ကွင်းရင်ဘတ်ထဲမှာ သော်ကဘုရားရယ်
သူ့နှလုံးသားရင်ဘတ်ထဲ...
ဝင်ဝင်ခွေ့တတ်တဲ့ မြောက်ပြန်လေရယ်
အဲဒီ မြောက်ပြန်လေက ပွေ့ပွေ့လာတဲ့
စပါးပင်ပျိုမလေးရဲ့ ကိုယ်နံ့လေးရယ်...

လမုပင်အုပ်ကလေးနဲ့ ချစ်ကြိုးသွယ်နေသူ
သရွတ်သွပ်ချောင်းကလေးရယ်
အရက်မမူးသူ အရက်ချက်စက်ရုံကလေးရယ်
ဘဝဝမ်းစာ ဖွေရှာမောသူ လှေမျှောလေးတွေရယ်
ဟော... ကြာဆန်စက်ရုံကလေးကလည်း ရပ်ရှိလို့
စပါးရယ် ရွှေရယ် ငါးရယ် ကြာဆန်ရယ်
သနပ်ခါးရယ် ရေရယ်
မကြေပါစေလင့်လို့ ဆုတောင်းရင်း
အတွက်နဲ့ မွေးရေ
ရေထဲမြို့ကလေးဟာ ရင်ထဲမြို့ဖြစ်ခဲ့ပေါ့

mgyoe.com

mgyoe.com

အတွက်နဲ့ မွေးရေ
ကြည့်ကွယ်...
မြို့ညကောင်းကင်ထဲ
နှစ်သစ်ကြိုတေးတွေ သီဆိုခါထွန်းလင်းလို့
ပြီး... နှစ်သစ်တေးတွေ ကော်ဖီလာသောက်ကြ
ခရစ်စမတ် အကြိုညလို ဝေဆာလှပလို့
ဘယ်လိုမှ မထင်မှတ်ဘဲ
ဗင်းနစ်မြို့အရသာမျိုး ရခဲ့ရ
ရေနဲ့ ပဋိသန္ဓေပြုသော မြို့လေး
ချောင်းပေါက်ကလေးက
ချောင်းပေါက်ကလေးထဲ ဝင်ခါ
မြို့အလှကို မြို့က ချောင်းကြည့်နေသော
ရေထဲမြို့ပါလား။

mgyoe.com

mgyoe.com

# ငှက်ဆိတ်တဲ့ သစ်စည်း

မပျော်ရှာသူ တစ်ခုလပ်မလေး
လင်မျှော်တေးနဲ့ ပူဆွေးသောကရောက်ရှာ
တစ်ခုလပ်မလေး ကြင်ကြင်ရဲ့ အိမ်နံဘေးမှာ
ပန်းတွေ အရမ်းကြွေတာပဲလေ
နှုတ်ကြမ်း စိတ်ကြမ်းနဲ့ လမ်းဖြစ်နေသူလည်း ရှိခဲ့ရှာ
အမှားမကျူးဘဲ ရှုံးနိမ့်ရသူ ငါ့မှာ
ငှက်ဆိတ်တဲ့ သစ်စည်းလေးဖြစ်လို့
မွမွကိုကျေလို့ ငါဟာ ငှက်ဆိတ်ခံရရှာသူ သစ်စည်းကလေးပါ
ငါဟာ မက်ဒက်ဘုရင်မဟုတ်သလို ရှိဘော့လဲ မဟုတ်ခဲ့ဘူး...

ခုတော့ အလိုလိုနေရင်းထိုင်ရင်း အောက်မေးပြုတ်ပြုတ်ထွက်နေရ
အတားအဆီးအပိတ်အဆို့ အကြပ်အညှပ်တွေများလှချည့်
ကိုကာကိုလာရေလေး တစ်ဘူးလောက်သောက်ရရင်
အဆင်ပြေမယ်ထင်တယ်
ပွဲတော်ကြီးထဲ မီးပုံးပျံလို ပျံတက်ချင်လှတယ်
ကြယ်ပြာလေးများနဲ့ စကားပြော့ရင်း
နေစားတဲ့ ပုဆိုးလေးသာဝတ်ရင်းပေါ့
မာကြူရီရယ် မင်းထွန်းလင်းပုံက ရက်စက်လိုက်တာ
သူငယ်ချင်းတို့ရေ တကယ်တော့လဲ
ပွင့်တချို့ ကြွေအများပါလားကွယ်

mgyoe.com

mgyoe.com

အမေရယ်...
အလုပ်ဂုဏ်ကို မြတ်နိုးချစ်တဲ့ မြို့သူမြို့သား နိုင်ငံသားတွေ
အထူးလိုအပ်လှပါတယ်
လဝန်းပြာပြာ နှင်းဆွတ်ဆောင်းရာသီ
ပင်လယ်ပြာအေး မင်းကြီးတောင်ပေါ်က
အိမ်အအိုအမင်းကြီးရယ်
မေမေရယ်၊ ဖေဖေရယ်၊ "ညီမလေး မမမြင့်" ရယ်
သမီးလေးများနဲ့ နွေကို ကိုက်ချိုလာသူ ငှက်ဥသြရယ်
တေးသစ်သံတွေရယ်
ကျွန်တော့်ရဲ့ မြင်ကွင်းကျယ်စီနီမာစကုပ်ထဲမှာပေါ့
အမေရယ်...
မြို့ပြန်ရွာပြန် ဒဏ်ရာတွေနဲ့ ကိုယ့်အသက်ကို လက်ပူတိုက်ပြီး
၅၂–နှစ်သား လူမိုက်ကြီးလေ အမေရဲ့
အမေ့ရင်ခွင် နွေးမြ နွေးထွေးဆီ ပျံသန်းခဲ့ပါပြီ
အမေရယ်...
အမေ့သားမှာလေ နာရီ နှစ်သိန်းလေးသောင်း
တောင်းခံရန်လဲ သိခဲ့ပြီ
ရောင်းရန်လဲ ရှိခဲ့ပါပြီ။

ဒီဇင်ဘာ ၂၀၀၀

mgyoe.com

mgyoe.com

## ဇရာနဲ့ ဇယား

ဇရာက ငါ့ကို သင်္ကေတဝါဒကို ပြတယ်
ဇရာက ငါ့ကို သရုပ်မှန်ဝါဒကို ပြတယ်
ဇရာက ငါ့ကို ဆာရီရယ်လစ်ဇင်းကို ပြတယ်
ငါက ထုတွေ အရောင်တွေ စတုတ်တွေ
မျဉ်းတွေများနေတဲ့ ငါ့ဖြစ်တည်ခြင်း အမှန်ကိုပြတယ်
ငါက သင်္ကြံသုခ ရှုမျှော်ခင်းတွေပြတယ်
ငါက အော်တိုမစ်တစ်ဇင်း ပန်းချီကားတွေပြတယ်
ငါက အင်ပရက်ရှင်း အထည်စတွေပြတယ်
ငါက မေတ္တာ ကမ္ဘဋ္ဌာန်း ပန်းခင်းတွေပြတယ်
ငါက ဝေဒနာနုပဿနာ လမ်းမတွေပြတယ်
ပြီးတော့...
ငါက ငါ့ဘဝ အံဆွဲထဲကနေ
ပြန်အမ်းငွေ ငါ့အနုပညာကို ဆွဲထုတ်ပြီး
ပြန်အမ်းလိုက်တယ်။

ရုပ်ရှင်တေးကဗျာ
၁၉၉၉ – စက်တင်ဘာလ

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ပန်းချီ

ငါ့အရူတွေက ခွေးလို သံရှည်ဆွဲအူလို့
ငါ့အစာအိမ်က စစ်လမ်းကြောင်းကျတဲ့ ရွာကလေးတစ်ရွာလို

ငါ့ကျောက်ကပ်တွေက
တဗွမ်းဗွမ်း ရေတွေလျှံလို

ငါ့အဆုတ်တွေက
ဖွတ်ချက်ဖွတ်ချက်နဲ့ မီးခိုတအူအူ
ဘယ်လိုမှ စားသုံးလို့မရတော့

ငါ့အရိုးနဲ့အဆစ်တွေ ရှိုင်းထားတဲ့ ရှိုင်းနတ်တွေပြုန်းပေါ့
ငါ့ခန္ဓာ တာဘိုအင်ဂျင်သူရဲကောင်းကြီးလေ...
သူရဲကောင်းကြီးတဲ့...
ဘယ်လိုမှ ဆုတံဆိပ်တွေ မမျှော်မှန်း
ဘာဆုတံဆိပ်တွေမှ မရခဲ့ သူရဲကောင်းကြီးပေါ့

ငါ ဘယ်တော့မှ လက်နက်မချနိုင်ဘူးတဲ့
ဘာကြောင့်လဲဆိုတော့
ငါ့မှာ ချစရာလက်နက် မရှိလို့ပါကွယ်တဲ့။

mgyoe.com

# မမတင်ရဲ့ ကျောင်းကလေး

နေတဖွေးဖွေး... လေတဖွေးဖွေး...
မမတင်ရဲ့ ကျောင်းကလေး

သဲတဖွေးဖွေး... ဖုံတဖွေးဖွေး...
မမတင်ရဲ့ ကျောင်းကလေး

မမတင်ရဲ့ ကျောင်းကလေးမှာ
ထန်းပင်တွေကလည်း လက်ပိုက်ပြီးတန်းစီရပ်လို့
တစ်ဘဝလုံးပဲ မမတင်ကျောင်းက မထွက်တော့ဘူးတဲ့
တစ်သက်လုံးပဲ မမတင်ရဲ့ကျောင်းမှာ ကျောင်းတက်မတဲ့

ထန်းသီးတွေကလည်း အပြွတ်လိုက် အခိုင်လိုက် သီးလို့
မမတင်ရဲ့ ကျောင်းမှာလဲ
ကျောင်းသားတွေက အပြွတ်လိုက် အခိုင်လိုက် သီးလို့
ယာကွက်ကလေး တစ်ကွက်ကလည်း
မမတင်ရဲ့ကျောင်းမှာ ကျောင်းတက်လို့
မြေပဲနဲ့ ပဲစဉ်းငုံတွေကလည်း
မမတင်ရဲ့ကျောင်းမှာ ကျောင်းလာတက်လို့
ဟိုတောင်ဖက်က ဂေါင်းနီတောင်ကလဲ
မမတင်ကျောင်းကို တက်ချင်ရက် မတက်ရလို့
တစ်ဘဝလုံး တစ်သက်လုံး ဆွေးနေရပါပြီ... တဲ့
မမတင်ရဲ့ ကျောင်းကလေးကို
လှမ်းမျှော်ငေးလို့

ပုပ္ပါးတောင်ကြီးကတော့
မမတင်ရဲ့ ကျောင်းထွက်ကြီးပေါ့

mgyoe.com

mgyoe.com

မမတင်ရဲ့ ကျောင်းသားဟောင်းကြီးပေါ့
ခုလဲ မမတင်ကျောင်းကလေးကို ငေးကြည့်
တစ်ဘဝလုံး ပီတိတွေနဲ့
မမတင်ကျောင်းကလေးကို
မြိန်မြိန်ကြီးငေးလို့။

မမတင်ကျောင်းလာရင်
သူများမိန်းကလေးတွေလို
ရွှေတွေငွေတွေ ဖိတ်လက်နေအောင် ဝတ်စားမလာဘူး။

စေတနာရယ်
ဝါသနာရယ်
အနစ်နာရယ်
နာသုံးနာကို
ဖိတ်လက်ရွှန်းတောက်နေအောင် ဝတ်စားလာတယ်။


မမတင်ဟာ ကျောင်းအုပ်ဆရာမကြီးပေါ့
မမတင်ဟာ
လင်မယူ သားမမွေး
အနာဂတ်သစ်တွေကို မွေးတယ်
စာကျက်သံ စာအံသံ တညံညံတွေကို မွေးတယ်
အဝေးပြေး အသံသစ်တွေကို မွေးတယ်။

မမတင်ရဲ့ ကျောင်းကလေးမြောက်ဘက်မှာ
သချိုင်းထဲက အုတ်ဂူတွေဟာ
အဝေးပြေးကားဂိတ်မှာ
ကားတွေတန်းစီ ဂိတ်ထိုးသလိုပဲ၊
မမတင်ကျောင်းကလေးမှာတော့
အဝေးပြေးတေးသံတွေ ဆော့ကစား ပျော်ပါးလို့ပေါ့။

(၃၂နို-၉၄၊ ကျောက်ပန်းတောင်း။ အမှတ်တရ)

mgyoe.com

mgyoe.com



mgyoe.com

# ညနေခင်းကဗျာ

အစာမကျွေးရဘူး
ရေမတိုက်ရဘူး
ကြက်တူရွေးတစ်ကောင်လို သဘောထားနိုင်ပါရဲ့၊

သူ စကားတော့ ပြောတတ်ခဲ့ပါတယ်
စားရေရိက္ခာမရှိတဲ့အရပ်မှာ နေတယ်
မဆာပေမယ့် ဆာလောင်ဟန် ဆောင်နေတတ်တယ်
လေလွင့်တဲ့လေကို အားကျရှာရဲ့
ပြီး…
ပလပ်မြေတစ်ခုလိုလည်း ဟန်ဆောင်တတ်ပေတယ်။

သင်တို့အားလုံးစိတ်ရဲ့ ကော်ဖီတစ်ခွက်မှာ
သီချင်းတွေ ရှိခဲ့တယ်
ဒါကို ညနေခင်းကဗျာ သူသိခဲ့ပါတယ်
မိခင်မြေကြီးမှာ လေထန်တဲ့အခါ
ဘဝကို သူလွမ်းဆွတ်နေတတ်တယ်
နာကျင်ခြင်းကို တောင့်တခဲ့တယ်
မာကျောကျော ရှာဖွေခြင်းတွေ
အသက်မွေးဝမ်းကျောင်းပြုခဲ့တယ်
စောင့်မျှော်ခြင်းသစ်ပင်တွေ
ပေါင်းသင် မြက်နုတ်ခဲ့တယ်
တိမ်တွေနဲ့ မိတ်ဆွေဖြစ်တဲ့အချိန်မှာ
အမှန်တရားကို သူလွမ်းလွမ်းနေတတ်တယ်။

mgyoe.com

mgyoe.com

ညနေခင်းကဗျာ...
တစ်ခါတလေ မြေကြီးဆန်သီချင်းကို လေချွန်ပြီးနေတယ်
ညနေခင်းကဗျာ...
တစ်ခါတလေ အာရေဗျက ကော်ဖီ
သူမှာပြီး သောက်နေတတ်တယ်
ညနေခင်းကဗျာ...
တစ်ခါတစ်ရံမှာ သူ့အဆုတ်ကို ကုတ်ခြစ်နေတတ်တယ်
ညနေခင်းကဗျာ...
တစ်ခါတလေ သူ မူးဟန်ဆောင်တတ်တယ်
တစ်ခါတလေ
အပွင့်အဖူးဟန် ဆောင်တတ်တယ်
ညနေခင်းကဗျာ...
ကြယ်များကို နမ်းခဲ့ပြီ။

ညနေခင်းကဗျာ...
မစားဖူးတဲ့ ပန်းသီးကို
အကြိမ်ကြိမ်စားဖို့ ကြိုးစားခဲ့
မစားဖူးတဲ့ ပန်းသီးကိုပဲ လွမ်းဆွတ်
ညနေခင်းကဗျာ...
ဘယ်မှမသွားဘူး
ဘာမှမလုပ်ဘူး
သူ့လျှာကတော့ ကမ္ဘာကို ပတ်ခဲ့ပြီ။

မြားနတ်မောင်မဟူရင်း

mgyoe.com

mgyoe.com

# ဆဋ္ဌမန်ရိုး

အချစ်ရေ မတွေ့ဘဲ နေနိုင်သလား
အိမ်မက်က အိပ်မက်ကိုမေ့ခဲ့တာ
ဆဋ္ဌမန်ရိုးဖြစ်တယ်။

အချစ်ရေ မတွေ့ဘဲ နေနိုင်သလား
ခန္ဓာကိုယ်ဟာ ဂစ်တာတစ်လုံးရဲ့အလုပ်ကို လုပ်တယ်
ဂစ်တာရဲ့ ခြောက်ကြိုးဟာ
ဆဋ္ဌမန်ရိုးဖြစ်တယ်။

အချစ်ရေ မတွေ့ဘဲ နေနိုင်သလား
အာလူးစားတိုင်း ဗန်ဂိုးကို သတိရရနေမိ
အဲဒါဟာ
ဆဋ္ဌမန်ရိုးဖြစ်တယ်။

အချစ်ရေ မတွေ့ဘဲ နေနိုင်သလား
ကမ္ဘာပေါ်က မြစ်တွေဟာ ဆဋ္ဌမန်ရိုးဖြစ်တယ်

အချစ်ရေ မတွေ့ဘဲ နေနိုင်သလား
လောကဓံတရားဟာ ဆဋ္ဌမန်ရိုးဖြစ်တယ်

mgyoe.com